# ကျန်းမာရေးဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်ခြင်း

ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ချက်တိုင်း၌ ဘက်ပေါင်းစုံအမြင်ရှုထောင့်ဖြင့် လက်တွေ့ကျကျ ကျင့်သုံး ကြပါသည်။ ကျန်းမာရေးသည် နည်းပညာဆိုင်ရာ ဘာသာရပ်တစ်ခုသာဖြစ်သည်ဟု ကျွန်ုပ်တို့၏ နားလည် သဘောပေါက်မှုသည် ရေရှည်တွင် လုံလောက်မှု မရှိကြောင်းတွေ့ရပါသည်။ ယခုအခါ စီးပွားရေး၊ နိုင်ငံရေးသိပ္ပံ၊ လူမှုဖွံ့ဖြိုးရေးနှင့် ကမ္ဘာလုံးဆိုင်ရာနှင့် အမျိုးသားလုံခြုံရေးရာ ကိစ္စရပ်များ၌ပင်၊ ကျန်းမာရေးအတွက် ကျယ်ပြန့်စွာစဉ်းစားနေရပေသည်။ ထောင်စုနှစ် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ ရည်မှန်းချက်များအပါအဝင် ဖွံ့ဖြိုး တိုးတက်ရေး ပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်တွင် အကယ်၍ ကျန်းမာရေး အခြေအနေတိုးတက်မှုမရှိပါက၊ ခန့်မှန်း၍ မသိနိုင်လောက်အောင်ပင်ဖြစ်ပေမည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကုလသမဂ္ဂ၏စနစ်ဘောင်အတွင်း အဖွဲ့အစည်းများစွာနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်နေပြီး၊ ၎င်းအဖွဲ့များသည် အဓိကအားဖြင့် ပြည်သူ့ကျန်းမာရေး လုပ်ငန်းများ၌ အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လုပ်ဆောင်လျက်ရှိနေပါသည်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ (WHO)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) စသည့် အဖွဲ့အစည်းများသည် နည်းပညာရပ်များနှင့် ကျန်းမာရေးလှုပ်ရှားမှုလုပ်ငန်း အများအပြားတွင် ပံ့ပိုးမှုများပေးလျက်ရှိပါသည်။ UNHCR, JICA, OXFAM, SCF စသည့် အဖွဲ့အစည်းများကလည်း ကျန်းမာရေးဖွံ့ဖြိုးရေးလုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်လျက်ရှိကြသည်။

၂၀၀၁-၂၀၀၄ ခုနှစ်အတွက် မြန်မာနိုင်ငံအား ကမ္ဘာ့ကျန်းမာရေးအမှုဆောင်ဘုတ်အဖွဲ့ဝင် အဖြစ် ရွေးချယ်ခဲ့ပြီး ကျန်းမာရေးဌာနဝန်ကြီး ပါမောက္ခဒေါက်တာကျော်မြင့်အား ဘုတ်အဖွဲ့ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခဲ့ကြပါသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာကျန်းမာရေးဖွံ့ဖြိုးရေးနှင့် သက်ဆိုင်သောလုပ်ငန်းများ၌လည်း တက်ကြွစွာပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသ ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတစ် နိုင်ငံဖြစ်ရာ "အရှေ့တောင်အာရှဒေသ၏ ၂၁ ရာစု ကျန်းမာဖွံ့ဖြိုးတိုးတက်ရေး ကြေညာစာတမ်း" တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ပါသည်။ မိမိ၏နိုင်ငံနှင့် ဒေသဆိုင်ရာ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ၂၀၀၃ ခုနှစ်တွင် ဆေးလိပ်တိုက်ဖျက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး၊ ၂၀၀၄ ခုနှစ်တွင် ပါဝင် ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် မြန်မာနိုင်ငံအား နည်းပညာဆိုင်ရာအကူအညီများ ပံ့ပိုးပေးခဲ့ပြီး၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ နိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်သည့် စီမံချက်များကို အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသနိုင်ငံ တစ်နိုင်ငံအနေဖြင့် ဒေသအတွင်း ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ၌ အစဉ်အလာနှင့်အညီ တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ (၁၇)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံက ပထမဦးဆုံး အကြိမ် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ ၁၉၉၉ ခုနှစ်၊ အောက်တိုဘာလတွင် ရန်ကုန်မြို့၌ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ အလားတူပင် ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊

အရှေ့တောင်အာရှနိုင်ငံများ၏ ကျန်းမာရေးအတွင်းဝန်များ၏ ဆဋ္ဌမ အကြိမ်မြောက် အစည်းအဝေးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ထို့အပြင် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ကျန်းမာရေးအစည်းအဝေးများကိုလည်း အောင်မြင်စွာလက်ခံကျင်းပခဲ့ပါသည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ အနေဖြင့်လည်း ကလေးသူငယ်များဆိုင်ရာ ကမ္ဘာ့ညီလာခံနှင့် တိုးချဲ့ကာကွယ်ဆေးထိုးစီမံချက်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပံ့ပိုးလျက်ရှိသည်။ ၁၉၉၁ ခုနှစ်တွင် အစိုးရက ကလေးငယ်များအသက်ရှင်သန်ရေး၊ ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကမ္ဘာ့ကြေညာစာတမ်းကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါသည်။ ကြေညာစာတမ်းမှ အချို့သော ဦးတည်ချက်ပန်းတိုင်များဖြစ်သည့် မွေးစကလေး သေနှုန်းလျော့ချရေးနှင့် သက်ကြီးစာတတ်သူဦးရေ တိုးမြှင့်ရေးပန်းတိုင်များကို နိုင်ငံ၏ကျန်းမာရေးဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။

အခြားတစ်ဖက်တွင် ၁၉၉၆ ခုနှစ်မှစ၍ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် မျိုးဆက်ပွားကျန်းမာရေး လုပ်ငန်းများ၌ အဓိကပံ့ပိုးကူညီထောက်ပံ့ခဲ့သည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ကလည်း ကျန်းမာရေးဖွံ့ဖြိုးမှု လုပ်ငန်းများ၌ အကူအညီပေးလျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်ကိုလည်း ပုံမှန်တိုးချဲ့ ဆောင်ရွက် လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံအဖွဲ့ဝင်အနေဖြင့် အခြားနိုင်ငံများ နည်းတူ ကျန်းမာရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၌ အဋ္ဌမအကြိမ်မြောက် အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဒုတိယအကြိမ် အာဆီယံ+၃ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၀၆ ခုနှစ်တွင် လက်ခံကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံသည် မဲခေါင်မြစ်ဝှမ်းဒေသ ရောဂါစောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ၌ နိုင်ငံ၏စွမ်းဆောင်ရည် တိုးတက်မြင့်မားရေးနှင့်အညီ အစပျိုး ဆောင်ရွက်သည့်အနေဖြင့် ရုတ်တရက်ဖြစ်ပွားသော ရောဂါများ စုံစမ်းထောက်လှမ်းရေးနှင့် တုန့်ပြန်ရေး၊ ကူးစက်ရောဂါနှိမ်နင်းရေး၊ ကျန်းမာရေးလူအင်အားဖွံ့ဖြိုးရေးနှင့် ဒေသဆိုင်ရာ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကွန်ယက်ထူထောင်ရေး စသည့် စီမံချက် (၃) ခုကို ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပါသည်။

နိုင်ငံအချင်းချင်း ပူပေါင်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ်အရ မြန်မာ-တရုတ်၊ မြန်မာ-ထိုင်း နိုင်ငံများ အကြား ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာ-ထိုင်း နယ်စပ်ဒေသ ကျန်းမာရေးပညာပေးပြပွဲနှင့် ကျန်းမာရေးလှုပ်ရှားမှုများကို တာချီလိတ်-မယ်ဆိုင်ဒေသတွင် ဆောင်ရွက်ခဲ့ပါသည်။ အလားတူလုပ်ငန်းများကို ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကော့သောင်း-ရနောင်းဒေသ၊ ၂၀၀၃ ခုနှစ်၊ စက်တင်ဘာလတွင် ကျိုင်းတုံ-ချင်းရိုင် ဒေသတို့တွင် ဆောင်ရွက်ခဲ့ပါသည်။ ယင်းလှုပ်ရှားမှု လုပ်ငန်းများတွင် နှစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများ တက်ရောက်ချီးမြှင့်ခဲ့ပြီး မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ ထို့အပြင် နယ်စပ်ဒေသ ကျန်းမာရေးပညာပေးပြပွဲနှင့် ကျန်းမာရေးလှုပ်ရှားမှုလုပ်ငန်းများတွင် ဒေသခံပြည်သူများအား အထူးကုသမားတော်ကြီးများအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ပါသည်။

ယင်းအထူးကုသမားတော်ကြီးများအဖွဲ့တွင် အရိုးအထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြု ပါဝင်သောအဖွဲ့က ကွင်းဆင်း၍ ခွဲစိတ်ကုသမှုများ ပေးခဲ့ကြပါသည်။ အလားတူ ရန်ကုန်ပြည်သူ့ဆေးရုံကြီး မျက်နှာနှင့်မေးရိုးခွဲစိတ်မှုပညာဌာန ပါမောက္ခ/ဆရာဝန်ကြီး ဦးဆောင်သောအဖွဲ့မှ လည်း မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများအား ခွဲစိတ်ကုသမှုများပေးခဲ့ကြပါသည်။ ထို့ပြင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများ၊ အထွေထွေ ခွဲစိတ်ဆရာဝန်ကြီးများနှင့် သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးများကလည်း ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ကြပါသည်။

ထို့အပြင် နိုင်ငံတကာနှင့် ဒေသတွင်း စေတနာရှင် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

## မြန်မာနိုင်ငံ၌ပူးပေါင်းဆောင်ရွက်နေသော နိုင်ငံတကာ စေတနာရှင်အဖွဲ့အစည်းများ (INGOs)

- Action International Contre La Faim (AICF)
- Adventist Development and Relief Agency (ADRA)
- Aide Medicale International (AMI)
- Artsen Zonder Greenzen (AZG)
- Asian Maternal and Child Welfare Association (AMCWA)
- Association of Medical Doctors of Asia (AMDA)
- Burnet Institute (Australia)
- Care (Myanmar)
- CESVI (Coorporation and Sviuppo onlus)
- Humanitarian Services International (HSI)
- International Organization Migration (IOM)
- International Federation of Anti-Leprosy Association (ILEP)
- Malteser (Germany)
- Marie Stopes International (MSI)
- Medicins du Monde (MDM)
- Medicins Sans Frontieres - Switzerland (MSF-CH)
- Merlin
- PACT Myanmar
- Partners International Solidarity Organization (Partners)
- Population Services International (PSI)
- Progetto Continent (Progetto)
- Save the Children (Japan) - SC (Japan)
- Save the Children (UK) - SC (UK)
- Save the Children (US) - SC (US)
- Support Fund Myanmar
- The Association Francois-Xavier Bagnoud (AFXB)
- The International HIV/AIDS Alliance
- Women's Federation for World Peace (WFWP)
- World Concern
- World Vision International (WVI)

## ပြည်တွင်းစေတနာရှင်အဖွဲ့အစည်းများ

- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (USDA)
- မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ (MWAF)
- မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (MMCWA)
- မြန်မာနိုင်ငံကြက်ခြေနီအသင်း
- မြန်မာနိုင်ငံဆရာဝန်များအသင်း (MMA)
- မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်များအသင်း (MDA)

- မြန်မာနိုင်ငံသူနာပြုအသင်း (MNA)
- မြန်မာနိုင်ငံလက်ထောက်ကျန်းမာရေးမှူးအသင်း
- မြန်မာနိုင်ငံအသင်းတော်များကောင်စီ
- မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့

ကျန်းမာရေးနှင့်နီးနွယ်သော ဝန်ကြီးဌာနများကလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ ပူးပေါင်းဆောင်ရွက်မှုများကို အမျိုးသားကျန်းမာရေးကော်မတီမှ လမ်းညွှန်စည်းရုံးဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤသို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ပြန်ကြားရေးဝန်ကြီးဌာနသည် ကျန်းမာရေးသတင်း အချက်အလက်များနှင့် ကျန်းမာရေးပညာပေး အစီအစဉ်များကို ဖြန့်ဖြူးပေးလျက်ရှိပါသည်။ အလားတူ သတ္တုတွင်းဝန်ကြီးဌာနတို့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ပြည်သူများအတွက် ကျန်းမာရေး အဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနတို့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ပြည်သူလူထုအတွက် ရေကောင်းရေသန့်ရရှိရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သတ္တုတွင်းဝန်ကြီးဌာနနှင့် ပူးပေါင်း၍လည်း လူတိုင်း အိုင်အိုဒင်းဆားသုံးစွဲရေးလုပ်ငန်းတွင် တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းတွင် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၏ အခန်းကဏ္ဍကို အလေးပေး၍ နိုင်ငံတော်အစိုးရက လက်ရှိပညာရှင်ဝန်ထမ်းများ၊ အငြိမ်းစားပညာရှင်များ ပါဝင်သော မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ ဖွဲ့စည်းဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်မှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးသုတေသနလုပ်ငန်းများ အားဖြည့်ဆောင်ရွက်ရန်၊ ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ် လေ့ကျင့်မွေးထုတ်ပေးရန်နှင့် စဉ်ဆက် မပြတ် ပညာရေးဖြင့် နိုင်ငံတကာ အဆင့်မီ ပညာရှင်များ လေ့ကျင့်ပျိုးထောင်ပေးရန်တို့ဖြစ်ပါသည်။

ကုသမှုလုပ်ငန်းများတွင် ဆေးဝါးနှင့် ဆေးပစ္စည်း ကုမ္ပဏီများ၏ အရေးပါမှုကို အသိအမှတ်ပြု၍ နိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းကို ၁၉၉၉ ခုနှစ်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ဤသို့ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ အကောင်အထည်ဖော်မှုတွင် အောင်မြင်မှုများရရှိခြင်း၊ ဆေးနှင့်ဆေးပစ္စည်း များထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းရပ်များတွင် အမျိုးသား ဆေးဝါးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ပါသည်။

စီးပွားရေးမူဝါဒများ ပြောင်းလဲလာသည်နှင့်အညီ ကျန်းမာရေးကဏ္ဍ၊ ဘဏ္ဍာငွေဖြည့်တင်းရေး နည်းလမ်းများကို အလေးထား စဉ်းစားလာကြပြီး ပုဂ္ဂလိက၏ အခန်းကဏ္ဍကို အားပေးဆောင်ရွက်လျက်ရှိ ပါသည်။



